# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 7 , 2022 Volume 52, Number 4


**၇.၃.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၉၁ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၉၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၁၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၃၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၃.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၄၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၇.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၃၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၅.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၉၁၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်ပဈေးကွက်ရလာသဖြင့် ဟက်စ်ထောပတ်ပင် ဧက ၅၀၀ ခန့် တိုးချဲ့စိုက်ပျိုးမည်



နိုင်ငံခြားမျိုးရင်းဖြစ်သည့် ဟက်စ် (HASS) ထောပတ်သီးများသည် နိုင်ငံတကာဈေးကွက်တွင် နေရာရလာသောကြောင့် လာမည့် ထောပတ်ရာသီအတွက် ပြင်ဦးလွင်မြို့နယ်၌ ဧက ၅၀၀ ခန့် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ယင်းသို့စိုက်ပျိုးနိုင်ရန်အတွက် ပြင်ဦးလွင်ရှိ Maymyo Avocado ထောပတ်ခြံ ဝန်ဆောင်မှုပေးသည့်ကုမ္ပဏီနှင့် ချိတ်ဆက်ထားကာ နည်းပညာများရယူသွားမည်ဖြစ် ပြီး ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် ထောပတ်သီးကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလက အင်္ဂလန်နိုင်ငံသို့ ပထမအကြိမ်အဖြစ် စမ်းသပ်တင်ပို့ရာ အောင်မြင်မှုရရှိခဲ့ပြီး ဒုတိယအကြိမ်တင်ပို့နိုင်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်ရောဂါနှင့် လက်ရှိပြည်တွင်းအခြေအနေများကြောင့် တင်ပို့နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ထောပတ်စိုက်ဧက နှစ်သောင်းခန့်ရှိပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိသည်။

**Source:** http://sdtimedaily.com/

## ရုရှား-ယူကရိန်း စစ်ဖြစ်ပွားမှုကြောင့် ပြည်တွင်းသုံး ကျွန်းစားတော်ပဲဈေးများ မြင့်တက်လာ

ရုရှား-ယူကရိန်း စစ်ဖြစ်ပွားမှုကြောင့် ယခုမတ်လဆန်းပိုင်းရက်များအတွင်း ပြည်တွင်းသုံးကျွန်းစားတော်ပဲများ ဈေးမြင့်တက်လာပြီး ဆက်လက်ပြီးလည်း မြင့်တက်နိုင်ချေရှိကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

ရုရှား-ယူကရိန်းစစ်ဖြစ်ပွားပြီး နောက်ရက်များတွင် မြန်မာ့ပြည်တွင်းဈေးကွက်၌ တစ်အိတ်လျှင် ကျပ် ၁၀,၀၀၀-၂၀၀၀၀ နှုန်းဖြင့် ရက်ချင်း ဈေးတက်လာပြီး မတ်လ ၃ ရက်တွင် တစ်အိတ်ကျပ် ၂၅၀,၀၀၀ ထိ ပေါက်ဈေးရှိလာ ခြင်းဖြစ်သည်။ မြန်မာပြည်တွင်း

သို့ တရုတ်နိုင်ငံဘက်လိုင်းမှ တင်သွင်းနေသည့် ကနေဒါနှင့်ယူကရိန်းတို့မှပဲများ ဝင်ရောက်လာခြင်းမရှိတော့သဖြင့် ပြည်တွင်း ကျွန်းစားတော်ပဲများ ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

"ဒီရက်ပိုင်းပဲမာလိုင်းတွေ တစ်အိတ်ကျပ် ၅၀၀၀-၁၀၀၀၀ ဈေးမြင့်တက်လာတယ်။ ပို့ကုန်ပဲ မဟုတ်ဘဲ ပြည်တွင်းသုံးပဲတွေထဲ ထူးထူးခြားခြား ဈေးမြင့်တက်လာတာကတော့ ကျွန်းစားတော်ပဲပေါ့။ တစ်ရက်ကို ၁၀၀၀၀-၂၀၀၀၀ လောက်ဈေးတက်လာတာ။ ဒီနေ့ဆိုရင် တစ်အိတ်ကျပ် ၂၅၀,၀၀၀ ထိ ပေါက်ဈေးဖြစ်သွားတယ်။ ဆက်တက်နိုင်ချေရှိသေးတယ်။ ဖေဖော်ဝါရီလဆန်းပိုင်းပဲ အသစ်ဝင်လာချိန်မှာ ကျွန်းစားတော်ပဲက တစ်အိတ်ကျပ် ၂၀၀,၀၀၀ ထိဈေးနိမ့်ဆင်းသွားတာ။ အဓိကအကြောင်းကတော့ ရုရှားနဲ့ယူကရိန်းစစ်ပွဲဖြစ်တော့ ပြည်တွင်းကိုတင်သွင်းနေတဲ့ ကနေဒါ၊ ယူကရိန်းစားတော်ပဲတွေ လုံးဝမလာနိုင်တော့ဘူး။ နိုင်ငံခြားကတင်သွင်းတဲ့ စားတော်ပဲတွေ အဝင်မရှိတော့ ဗမာကျွန်းစားတော်ပဲက ဈေးအရမ်းမြင့်တက်လာတယ်" ဟု ၎င်းကပြောသည်။

၂၀၂၂ ခုနှစ်၊ ပဲရာသီအသစ်မပေါ်မီ ဇန်နဝါရီလကုန်ပိုင်းရက်များတွင် ပြည်တွင်းသုံးစွဲများသည့် ကျွန်းစားတော်ပဲမှာ သုံးတင်းဝင်တစ်အိတ်ကျပ် ၃၁၀,၀၀၀ ကျော်ထိ ပဲဈေးကွက်အတွင်း အမြင့်ဆုံးပေါက်ဈေးဖြစ်ခဲ့သည်။ ထို့နောက်ပိုင်း တရုတ်နယ်စပ်ကုန်သွယ်မှုများ ပြန်လည်စတင်ဝင်ရောက်လာချိန်နှင့် ပြည်တွင်းပဲသစ်မျိုးစုံ အသစ်ပေါ်လာချိန်တွင် ဈေးကျဆင်းသွားရာ ဖေဖော်ဝါရီလကုန်ပိုင်းရက်များတွင် သုံးတင်းတစ်အိတ်ကျပ် ၂၀၀,၀၀၀ ထိဈေးကျဆင်းခဲ့သည်။

ယခုနှစ်ပဲရာသီအသစ်တွင် ကျွန်းစားတော်ပဲဖြစ်ထွန်းမှုနည်းပါးပြီး ယခင်နှစ်ထက် အထွက်နှုန်းကျဆင်းထားခြင်း၊ နိုင်ငံခြားအစားထိုးပဲ ကနေဒါ၊ ယူကရိန်းပဲများမဝင်ရောက်နိုင်ခြင်း၊ ပြည်တွင်းကျွန်းစားတော်ပဲမှာ စားသုံးမှုတွင် အရသာပိုမိုကောင်းမွန်ခြင်းတို့ကြောင့် လက်ရှိပေါက်ဈေးထက် ဆက်လက်မြင့်တက်လာနိုင်ကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

**မြန်မာတောင်သူကြီးများဂျာနယ်**

## ကြက်သွန်နီတစ်ပိဿာ ကျပ် ၃၀၀ခန့် ဈေးတက်နေပြီး ဧပြီလတွင်ပေါ်မည့် နွေကြက်သွန်ကို ဘင်္ဂလားဒေ့ရှ် အဝယ်သမားများက မြေထဲကြက်သွန်အခင်းအထိ အများအပြားဝယ်ယူ



https://news-eleven.com/article/226906

ကြက်သွန်တစ်ပိဿာ ကျပ် ၃၀၀ခန့် ဈေးတက်နေပြီး ဧပြီလမှပေါ်မည့် နွေကြက်သွန်ကို ဘင်္ဂလားဒေ့ရှ်အဝယ်သမားများက မြေထဲကြက်သွန်အခင်းတွင် အများအပြား ဝယ်ယူထားရှိကြောင်း သိရသည်။

"မြစ်သားအပင်လေးနဲ့ မိုးကြက်သွန်က စပေါ်စက ၄၅၀ ကနေ ၅၀၀ ကြား ဈေးစပေါ်လာတယ်။ နွေကြက်သွန်နီတုန်းက တောင်သူတွေက အရမ်းဆုံးရှုံးမှုရှိတော့ နွေကြက်သွန် နောက်မှပေါ်လာတဲ့ မြစ်သားအပင်လေးနဲ့ မိုးကြက်သွန် ၂၀၂၂ ပေါ်ဦးပေါ်ဖျားမှာ ၂၀၂၁ နွေကြက်သွန်မှာ ပစ်စလက်ခတ်ရှုံးထားတော့ ၂၀၂၂ မှာ မိုးကြက်သွန်နဲ့ မြစ်သားအပင်လေး ပေါ်ဦးပေါ်ဖျားမှာ ၄၅၀ တစ်ပတ်လည်ပြီး တောင်သူက ကြောက်အားကြီးပြီး လိုအပ်တာထက်ပိုပြီးတွန်းထုတ်ရောင်းကြတယ်။ ပိုထုတ်ရောင်းကြတော့ ဝယ်လက်က လိုက်ဝယ် နယ်တောင်သူကုန်သည်တွေက မြစ်သား မိုးကြက်သွန်တွေပါးတယ်ဆိုပြီးတော့ သူတို့ကခါးပြတ်မယ်ဆိုပြီး တောက်လျှောက်လိုက်လိုက်ဝယ်တော့ ပထမတစ်ပတ်မှာ ၇၀၀ ဈေး တစ်ခါဖြစ်တာပေါ့။ ကြက်သွန်ဈေး ၇၀၀ ဖြစ်လိုက်တော့ တရုတ်လိုင်းတွေကမကောင်း မြဝတီလိုင်းတွေကမကောင်း နောက်ပြီး ပေါ်လာတဲ့မြစ်သားအပင်လေးတွေက ကြက်သွန်အရည်အသွေးသိပ်မမီတော့ တစ်ဖက်က ဗီယမ်နမ်သွားတဲ့ ကြက်သွန်နီတွေက ဗီယမ်နမ်ဘက်မှာ ပျက်စီးသွားတယ်။ ပျက်စီးသွားတော့ အဲဒီမှာ ကြက်သွန်နီဈေး ၇၀၀ ကနေ မိုးကြက်သွန်နဲ့ မြစ်သားအပင်လေး ၂၀၂၂ ခုနှစ် လဆန်းပိုင်း တစ်လနှစ်လမှာ ကြက်သွန်နီ ဈေး ၅၀၀ လောက်အထိ ပြန်ပြုတ်ကျသွားတယ်။ မိုးကြက်သွန်က ၄၅၀ အထိ ပြန်ပြုတ်ကျသွားတယ်။ အဲဒီကနေ တဖြည်းဖြည်း အရောင်းအဝယ်ပြန်ဖြစ်လာတဲ့အခါ ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း မိုးကြက်သွန်ကို မြင်းခြံ၊ တောင်သာ၊ ပခုက္ကူ ၊ ဆိတ်ဖြူဘက်မှာ တဖြည်းဖြည်းလိုမ့်ဝယ်ပြီးတော့ အခုကြက်သွန်ပါးသွားတော့ လိုအပ်တဲ့အခါ ဈေးပေးဝယ်တော့ မိုးကြက်သွန်လည်း ၇၀၀၊ ၈၀၀ ဈေးတွေပြန်ဖြစ် မြစ်သားကြက်သွန်

လည်း ၇၀၀ ဈေးပြန်ဖြစ်တယ်။ ဘာလိုင်းမှ သိပ်မကောင်းပါဘူး။ ဘင်္ဂလားဒေ့ရှ်ဝယ်လက်နဲ့မြဝတီဘက် ကြက်သွန်နီ ထွက်သွားတာက အရေအတွက်အား သိပ်မပါပါဘူး။ ဒါပေမဲ့ တောင်သူတွေကြောက်တဲ့ စိတ်ကများတဲ့အခါ ရှေ့ကိုတစ်လတစ်လကြိုပြီး ကြက်သွန်နီတွေဖော်ကြပြီး ရောင်းလိုက်တဲ့အတွက် ကြက်သွန်နီတကယ်ပေါမယ့် အခု တပေါင်းလမှာ ကြက်သွန်နီခါးပြတ်သလို ဖြစ်သွားတာပေါ့။ အရှေ့နဲ့အနောက် မချိတ်မိဘူးပေါ့။ ဒီတစ်ခါ ကြက်သွန်နီ ၇၀၀ ဈေးကတော့တောင်သူအောင်မယ့်သဘောပေါ့။ ဒီတစ်ခါ ကြက်သွန်နီဈေး ၇၀၀ နှစ်ခါဖြစ်တော့ ဒီဈေး ၇၀၀ အောင်မှာပါ။ နယ်တွေမှာလည်း မြစ်သားအပင်လေးနဲ့ မိုးကြက်သွန် အရမ်းနည်းပါးသွားကြပါပြီ။ ကြက်သွန်ပါးတော့ တောင်သူက အကြောက် တရားနဲ့ရောင်းသွားတာပါ။ ၂၀၂၁ခုနှစ် နောက်ဆုံး လပတ် နိုဝင်ဘာ၊ ဒီဇင်ဘာလ အဟောင်းနွေကြက်သွန်တွေက စွန့်ပစ်ရမတတ်ဖြစ်တော့ ၂၀၂၂ ခုနှစ်မှာ ပေါ်လာမည့် မိုးကြက်သွန်နဲ့ မြစ်သားအပင်လေးကကြောက်ပြီး ရှေ့ကိုကြိုပြီးထုတ်ပြီး ရောင်းချ သွားတာပါ။ မလိုအပ်လည်း အရမ်းကြီး ရောင်းသွားတဲ့အတွက်ဈေးကွက်ထဲမှာ ပစ်စလက်ခတ်ဖြစ်သွားပြီး အခုမှတစ်ခါ ဈေးပြန်တက်လာတာပါ။ ကြက်သွန်နီဈေး ပြန်တက်လာတာ တစ်ပတ်လောက်ရှိသွားပါပြီ။ တစ်ပတ် ၁၀ ရက်အတွင်း ကြက်သွန်နီတစ်ပိဿာ ကျပ် ၃၀၀ လောက်ဈေးတက် သွားတယ်။ မြစ်သားအပင်လေးနဲ့ မိုးကြက်သွန်ပြန်တက်တာပါ”ဟု မန္တလေးမြို့ ရွှေမန်းလှ ကြက်သွန်ပွဲရုံပိုင်ရှင် ဦးဝင်းမြင့်က ပြောကြားသည်။

ကြက်သွန်နီကို ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်က တန်ချိန် ၈၇၈၃၂ ဒသမ ၁၆၃တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃၁၉ သန်းရရှိခဲ့ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၁၃၃၅၆၅ တန်ထိတင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၀၃ သန်းအထိ ဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/226906

## ဗဟိုဘဏ်မှ MMQR ဖြင့် ငွေပေးချေမှုလုပ်ငန်းများအား မကြာမီဆောင်ရွက်ရန်ရှိ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရောင်းချသူကိုယ်စားငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်း ( Merchant Acquiring) များ၏ MMQR ဖြင့် ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး အဖွဲ့အစည်းများအကြား အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်မည့် Real Time Retail Payment Network ကို မကြာမီအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှသိရသည်။

“တစ်ဖက်တွင်လည်း Payment Instrument များ၊ Payment Channel များ ပိုမိုတိုးတက်များပြားလာစေရန် ဖော်ဆောင်လျက်ရှိကြောင်း ဘဏ်များအား မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်းနှင့် မိုဘိုင်းပေးလုပ်ငန်းတို့ကို ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း၊ အဖွဲ့အစည်းအချို့ကို Transporation Card၊ Shopping Card စသည့် ကတ်ပေးချေမှု လုပ်ငန်းများကိုလည်း ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း‘’ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောကြားခဲ့သည်။

လက်ရှိတွင်ဖော်ဆောင်လျက်ရှိသည့် ဒစ်ဂျစ်တယ်စီးပွားရေးသို့ အသွင်ကူးပြောင်းရေးအတွက် အထောက်အကူဖြစ်စေရန် အစဉ်တစိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေပေးချေမှုဆိုင်ရာ အခြေခံအဆောက်အအုံအတွက် ပမာဏကြီးမားသော ငွေပေးချေမှုများအတွက် RTGS System နှင့် Retail Payment အတွက် ACH အပြင် Card Payment များအတွက် MPU Switch တို့ကိုတည်ထောင် ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အမျိုးသားငွေပေးချေမှုစနစ်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ကို ချမှတ်ခဲ့ပြီး ဒစ်ဂျစ်တယ်ငွေပေးချေမှုကို ဘဏ်ဝန်ဆောင်မှုနှင့် လက်လှမ်းမမီသည့် နေရာ၊ ကျေးရွာများအထိ ရယူအသုံးပြုနိုင်ရန်နှင့် ဘဏ်များနှင့်ပူးပေါင်း၍ ခရိုင်၊ မြို့နယ်များအထိ ဘဏ်များ၏ Network ကို ဖြန့်ကျက်ဆောင်ရွက်နိုင်ရန်အတွက် ရောင်းချသူကိုယ်စားငွေကောက်ခံရှင်းလင်းခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ (၇/၂၀၂၀)အရ ဘဏ်မဟုတ်သောကုမ္ပဏီများဖြစ်သည့် Merchant Acquiring လုပ်ငန်းဆောင်ရွက်မည့် Nature Link Travel and Tours Co.,Ltd (Brand Name-Trusty) ၊ Internet Wallet Myanmar Co.,Ltd (Brand Name-OK$) ၊ Zego Pay Co.,Ltd (Brand Name-Zego) နှင့် Unipay Co.,Ltd (Brand Name – Unipay)စသည့် ကုမ္ပဏီ(၄) ခုအား ခွင့်ပြုပေးပြီး ဘဏ်များနှင့်ချိတ်ဆက်အသုံးပြုနိုင်ရန် ခွင့်ပြုခဲ့ပါကြောင်း၊ Acquirer များအနေ

ဖြင့် ငွေပေးချေမှုကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှချမှတ်ထားသည့် MMQR Standard နှင့်အညီ QR ဖြင့် ငွေပေးချေနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်း (Merchant Acquiring) များ၏ MMQR ဖြင့် ငွေပေးချေမှုလုပ်ငန်းများကို အများပြည်သူသို့ မိတ်ဆက်ခြင်း အခမ်းအနားအား မတ်လ ၄ ရက် မွန်းလွဲ (၂:၀၀)နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲရှိ Learning & Training Center ၌ Video Conferencing ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

**Source:** https://xinhuamyanmar.com/news/business/local/220503012-2/

## ရုရှားကျူးကျော်စစ်ဝယက်ကြောင့် ဈေးတဟုန်ထိုးခုန်တက်လာတဲ့ကုန်စည် စားအုန်းဆီ

ရုရှားက ယူကရိန်းအပေါ် ကျူးကျော်စစ် ဆင်နွှဲလာတဲ့တချိန်တည်းမှာပဲ ကမ္ဘာ့စားအုန်းဆီဈေးတွေဟာလည်း တဟုန်ထိုး မြင့်တက်လာပါတယ်။ စားသုံးဆီဝယ်လက်တွေဟာ ပင်လယ်နက်ဒေသဆိပ်ကမ်းတွေမှာပိတ်မိနေတဲ့ နေကြာဆီအစား အခြား အစားထိုးစရာကို အပူတပြင်းရှာဖွေလာကြလို့ဖြစ်ပါတယ်။

ကမ္ဘာ့စားအုန်းဆီတင်ပို့မှုအများဆုံး အင်ဒိုနီးရှားနိုင်ငံမှာ စားအုန်းဆီကြိုပွိုင့်ဈေးတွေဟာ ရုရှားကျူးကျော်စစ်မစခင် ရှေ့တစ်ရက်ဖြစ်တဲ့ ဗုဒ္ဓဟူးနေ့နောက်ပိုင်း ၁၈ ရာခိုင်နှုန်းကျော် ထောင်တက်လာတယ်လို့ Refinitiv အဖွဲ့ကပြုစုတဲ့ စာရင်းတွေ အရ သိရပါတယ်။

ယူကရိန်းမှာဖြစ်နေတဲ့ စစ်ပွဲကြောင့် ဆိပ်ကမ်းတွေပိတ်၊ သင်္ဘောလိုင်းတွေ ကြန့်ကြာလာကာ နေကြာဆီတင်ပို့ရောင်းချမှု အကန့်အသတ်ဖြစ်ပေါ်မလားဆိုပြီး စိုးရိမ်မကင်းဖြစ်မှုတွေ မြင့်တက်လာနေပါတယ်။ ကျူးကျော်စစ်စတဲ့ ပထမရက်အနည်းငယ် အတွင်း ယူကရိန်းနေကြာဆီ ကြိုပွိုင့်ဈေးဟာ ၃၂ ရာခိုင်နှုန်း မြင့်တက်ခဲ့တယ်လို့ S&P Global Platts အဖွဲ့က ပြုစုတဲ့စာရင်းတွေ အရ သိရပါတယ်။

စားအုန်းဆီဟာ ကမ္ဘာ့စားသောက်ကုန်နဲ့ အလှကုန်များစွာမှာပါဝင်လေ့ရှိတဲ့ ကုန်ကြမ်းတစ်မျိုးဖြစ်ပါတယ်။ ကမ္ဘာ့ တင်သွင်းမှုအများဆုံး အိန္ဒိယနိုင်ငံမှာတော့ စားအုန်းဆီကို ချက်ပြုတ်ရာမှာလည်း အသုံးပြုလေ့ရှိပါတယ်။ LMC International စီးပွားရေးအတိုင်ပင်ခံလုပ်ငန်း ဥက္ကဋ္ဌ ဂျိမ်းစ်ဖရိုင်းကတော့ တရုတ်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် နဲ့ အာဖရိကမြောက်ပိုင်းနိုင်ငံက စားသုံးသူတွေဟာလည်း အကျိုးသက်ရောက်မှုကို ခံစားကြရလိမ့်မယ်လို့ CNN Business သတင်းဌာနနဲ့တွေ့ဆုံစဉ် ပြောဆို ပါတယ်။ "အဲဒီဒေသက လူတွေအားလုံးဟာ ဆီကိုဝယ်လို့ရဦးတော့၊ ပုံမှန်ထက် ဈေးအများကြီး ပိုပေးကြရတော့မယ်" လို့ သူက ပြောပါတယ်။ "သူတို့တွေ ဆီသုံးစွဲမှုကို မဖြစ်မနေ လျှော့ချလာကြရတော့မယ်။ ဝယ်စားဖို့ တတ်နိုင်ကြတော့မှာ မဟုတ်ဘူး။ အထူး သဖြင့် ဂျုံလိုမျိုး အခြားကုန်ဈေးနှုန်းတွေပါ ပိုပိုပြီး ကြီးမြင့်လာခဲ့ရင်ပေါ့" လို့ ဖရိုင်းကပြောပါတယ်။

ရုရှားရဲ့ ယူကရိန်းအပေါ် ကျူးကျော်စစ်ဟာ ဟင်းသီးဟင်းရွက်ဆီဈေးကွက် ရောင်းအားပြတ်လပ်နေတဲ့အချိန်မျိုးနဲ့မှ တိုက်ဆိုင်နေတယ်လို့ ဖရိုင်းက ဆက်ပြောပါတယ်။ ကမ္ဘာ့စားအုန်းဆီကုန်သွယ်မှုရဲ့ ၅၅ ရာခိုင်နှုန်းအထိ တင်ပို့နေတဲ့ အင်ဒိုနီး ရှားဟာ ပြည်တွင်းဆီဈေးကို ထိန်းချုပ်ဖို့ ပြည်ပပို့ကုန် လျှော့ချသွားမယ့်အကြောင်း ဇန်နဝါရီလကတည်းက ထုတ်ပြန်ထားတာပါ။

မလေးရှားဟာ စားအုန်းဆီထုတ်လုပ်မှု ဒုတိယအများဆုံးဖြစ်ပေမယ့် ကပ်ရောဂါကာလအတွင်း တွေ့ကြုံခဲ့ရတဲ့လုပ်သား ပြတ်လပ်မှုပြဿနာကြောင့် ထုတ်လုပ်မှုပိုင်း အကန့်အသတ်ရှိနေပါတယ်။ မလေးရှားစားအုန်းဆီကြိုပွိုင့်ဈေးဟာ ယခု နှစ်ဆန်းပိုင်းကနေစပြီး ၇၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့တယ်လို့ S&P Global အဖွဲ့က ထုတ်ပြန်ထားပါတယ်။

စားအုန်းဆီဝယ်လက်တွေအနေနဲ့ စစ်ပွဲကြောင့် ကုန်သွယ်ရေးအလျင်ပြတ်သွားရင် ကုန်လိုအပ်ချက်ကို အစားထိုး ဖာထေးဖို့ အတွက် ယူကရိန်းနေကြာဆီအပေါ် အားကိုးလို့ရနိုင်တော့မှာ မဟုတ်ပါဘူး။ ယူကရိန်းဟာ ကမ္ဘာ့နေကြာဆီ သုံးပုံတစ်ပုံကို ထုတ်လုပ်နေပြီး ကမ္ဘာ့ပို့ကုန်စုစုပေါင်းအနက် ထက်ဝက်ကိုတင်ပို့ရောင်းချပေးနေတာပါ။ ဝယ်လက်တွေဟာ ပဲပုပ်ဆီဘက် မြားဦး လှည့်လာနိုင်ပေမဲ့ ပဲပုပ်ဆီထုတ်လုပ်မှုက လိုအပ်ချက် ပြည့်မီလောက်တဲ့အထိ ဖြန်းစားကြီး မြင့်တက်လာဖို့မရှိပါဘူးလို့ ဖရိုင်းက ပြောပါတယ်။ "ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီဈေးကွက်မှာ ကုန်ပြတ်လပ်မှုဖြစ်နေခဲ့ပြီး ပယ်လယ်နက်ဒေသအတွင်း ဘာမှမဖြစ် သေးခင်ကတည်းက မရေမရာအခြေအနေမှာ ရှိနေခဲ့ပါတယ်" လို့ S&P Global အဖွဲ့ရဲ့ လယ်ယာစီးပွားပညာရှင် ပေါလ်ဟူးစ်က

CNN Business ကို ပြောပါတယ်။ ယူကရိန်းမှာ စစ်ပွဲဖြစ်နေတာရယ်၊ ရုရှားအပေါ်ချမှတ်လိုက်တဲ့ နိုင်ငံတကာပိတ်ဆို့ အရေးယူမှုတွေရယ် စုပေါင်းသက်ရောက်မှုအရ ကမ္ဘာ့ဈေးကွက်ဟာ အဲဒီဒေသရဲ့ရောင်းကုန်ကို ရှည်မြောတဲ့ကာလတစ်ခုထိ လက်လွတ်ဆုံးရှုံးရတော့မယ်လို့ မှတ်ယူနိုင်ကြောင်း ဟူးစ်ကပြောပါတယ်။

ပဋိပက္ခ ပြေလျော့လာခဲ့မယ်ဆိုရင်တောင် နေကြာဆီဝယ်လက်တွေဟာ အဲဒီဒေသကကုန်ကို ဝယ်ယူမယ်ဆိုရင် အာမခံပရီမီယံကြေးတွေ မြောက်မြားစွာပေးချေလာရနိုင်တယ်လို့ ဖရိုင်းကပြောပါတယ်။ "ရုရှားက အခြေခံအဆောက်အအုံတွေကို ဖျက်စီးပစ်နေတယ်။ ဒီတော့ ဝယ်လက်တွေက ကိုယ်မှာလိုက်တဲ့ပစ္စည်းရောက်လာမှာလား မသေချာဘဲ ဝယ်ယူမှုကြီးကြီး မားမားတွေ အရဲစွန့်ပြုလုပ်ဖို့ လက်တွန့်နေကြပါလိမ့်မယ်" လို့ သူကဆိုပါတယ်။

ပြီးခဲ့တဲ့နှစ်အတွင်း ကုန်စည်ရောင်းချမှုကွင်းဆက် ပြတ်တောက်တဲ့ပြဿနာတွေကြောင့် ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းတွေဟာ ၂၈ ရာခိုင်နှုန်းမြင့်တက်ခဲ့တယ်လို့ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) က ထုတ်ပြန်ပါတယ်။ ရုရှားက ယူကရိန်းအပေါ် သဲကြီးမဲကြီး တိုက်ခိုက်နေတာအပြင် အဲဒီကနေ ဂျုံနဲ့လောင်စာဆီတို့လို ကုန်စည်တွေရောင်းချမှုအပေါ် သက်ရောက်လာနိုင်ခြေကြောင့် စားသောက်ကုန်ဈေးတွေ ထပ်ပြီးတော့ မြင့်တက်လာနိုင်ပြီး စားနပ်ရိက္ခာမဖူလုံမှုပြဿနာကို ပိုမိုဆိုးရွားလာစေဖွယ်ရှိပါတယ်။

ဂျုံကြိုပွဲဝင်ဈေးတွေဟာ ဗုဒ္ဓဟူးနေ့တစ်ရက်တည်းတင် ၄ ရာခိုင်နှုန်းမြင့်တက်ပြီး ၁၄ နှစ်အတွင်း အမြင့်ဆုံးနှုန်းအထိ ရောက်ရှိသွားခဲ့ပါတယ်။

**Source: The latest food price shock: Palm oil prices are soaring – CNN**

https://greenwaymyanmar.com/posts/Palm_Oil_Market

## သာခေတနိစက်မှုဇုန်၌ လျှပ်စစ်ကားများထုတ်လုပ်ကာ ရန်ကုန်ကားဈေးကွက်အတွင်း စတင်ထိုးဖောက်



https://www.myawady.net.mm/node/22813

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာခေတနိစက်မှုဇုန်ရှိ ကားထုတ်လုပ်သည့်စက်ရုံ၌ တရုတ်နိုင်ငံ၏ နည်းပညာမြင့် လျှပ်စစ်ကား KSDV1-NE2 အမျိုးအစားများကို ထုတ်လုပ်ကာ ယခုနှစ် မတ်လပထမပတ်မှစတင်၍ ရန်ကုန်ကားဈေးကွက်အတွင်း စတင်ထိုးဖောက်လာပြီဖြစ်ကြောင်း အဆိုပါကားစက်ရုံမှ မန်နေးဂျင်းဒါရိုက်တာ Yu Jian Chen ၏ပြောပြချက်အရ သိရသည်။

''မြန်မာနိုင်ငံမှာတော့ ပထမဆုံးထုတ်လုပ်တယ်လို့ ပြောရမှာပါ။ ဈေးအသင့်အတင့်နဲ့ ဝယ်ယူအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ မြို့တွင်း၊ မြို့ပြင် မောင်းနှင်နိုင်အောင် နည်းပညာနဲ့ ထုတ်လုပ်ပေးထားပါတယ်။ ဘက်ထရီကို လျှပ်စစ်မီးရှိတဲ့နေရာတွေမှာ အလွယ်တကူသွင်းနိုင်ပြီး ဟိုင်းဝေးရောက်ရင် လမ်းမှာ ဘက်ထရီအား ရာခိုင်နှုန်းနည်းနေရင် ဆီထည့်ပြီး ကားရဲ့ဘက်ထရီကို Fully Auto- Mate စနစ်နဲ့ အားအမြန်ဖြည့်ပေးနိုင်တဲ့ အင်ဂျင်ပါတဲ့အတွက် ဟိုင်းဝေးတွေမှာလည်း ကောင်းစွာမောင်းနှင်နိုင်ပါတယ်။ မီးခိုးမထွက်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပြီးသားဖြစ်ပါတယ်''ဟု Yu Jian Chen ကပြောသည်။

KSDV1-NE2 လျှပ်စစ်ကားသည် တစ်ကြိမ်အားသွင်းပြီး အားပြည့်လျှင် ၈၀၀ ကီလိုမီတာကို တစ်ဆက်တည်း မောင်းနှင်နိုင်ပြီး တစ်နာရီမိုင်နှုန်း ၇၀/၈၀ ကီလိုမီတာအထိ မောင်းနှင်နိုင်သည်။ အဆိုပါလျှပ်စစ်ကားသည် လူငါးဦးစီးနင်းနိုင်ပြီး လမ်းခရီးတွင် ဘက်ထရီအားပြန်လည်ဖြည့်သွင်းရန် ဓာတ်ဆီအနည်းငယ်သုံးကာ ကားတွင်ပါသော Electronic Charger Engine Machine 796 CC အင်ဂျင်မှ Fully Automate စနစ်ဖြင့် အားအမြန်ပြန်လည် ဖြည့်သွင်းပေးသည်။ Lithium Battery အမျိုးအစားကို အသုံးပြုထားပြီး ဘက်ထရီအားအပြည့်သွင်းလျှင် ခြောက်နာရီကြာမြင့်သည်။

ကားများအတွက် အသုံးပြုထားသော ဘက်ထရီကို အာမခံငါးနှစ်ပေးထားပြီး ထိုကာလအတွင်း ကား၏စက်ပိုင်းဆိုင်ရာချို့ယွင်းမှုကိစ္စအဝဝကို စက်ရုံမှတာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို HYBIRO ElectronicVehicle KSDV1-NE2 ကားများ

သည် ရန်ကုန်လိုင်စင် YGN-5(S-.....)နံပါတ်များဖြင့်ထွက်ရှိပြီး ငွေကျပ် ၁၁၈ သိန်း စက်ရုံဈေးဖြင့်ဝယ်ယူနိုင် သည်။ ဝယ်ယူသူမှာ မိမိအမည်ပေါက်ဖြင့်လည်း ပြန်လည်ပြောင်းလဲနိုင်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/22813

## ပဲဈေးတွေထပ်တက်လာပြီး ဆက်တက်ဦးမယ့် အလားအလာရှိ

ပဲအမျိုးစုံဈေးထပ်တက်နေပြီး ဆက်တက်ဦးမယ့်အလားအလာရှိ (၂၈.၂.၂၀၂၂ - ၄.၃.၂၀၂၂)

| သီးနှံအမျိုးအစား | ဈေးကွက် | ဈေးနှုန်း(ကျပ်)(၄.၃.၂၀၂၂ ) | ယခင်အပတ်နှင့်နှိုင်းယှဉ်မှု(ကျပ်) | သုံးသပ်ချက် |
|---|---|---|---|---|
| ပဲတီစိမ်း | ရန်ကုန် (တစ်ပိဿာ) | ပဲတီစိမ်း(ခရမ်းရွှေဝါ) (၂၃၃၀ - ၂၃၅၀) | ဈေးငြိမ် | ဈေးငြိမ်နေပြီး မြန်မာ့ပဲတီစိမ်းတွေကို တရုတ်နဲ့အခြားနိုင်ငံတွေကို အဓိက တင်သွင်းနေတာဖြစ်လို့ အိန္ဒိယတင်ပို့မှု ပိတ်ခြင်းမပိတ်ခြင်းက ဈေးကွက်အတွင်း ထိခိုက်နိုင်မှု မရှိဘူးလို့ ကုန်သည်တွေကဆို |
| | | ပဲတီစိမ်း(ပဲခူးရွှေဝါ) (၂၀၆၅ - ၂၁၃၅) | ဈေးငြိမ် | |
| | | ပဲတီစိမ်း(ဝါးခယ်မ) (၂၀၁၅ - ၂၀၃၅) | ၁၁၅ ကျပ် ဈေးတက် | |
| | မန္တလေး (ပိဿာ ၆၀ တစ်အိတ်) | ၁၀၀၀၀၀ - ၁၀၅၀၀၀ | ၂၀၀၀ ဈေးကျ | |
| | မုံရွာ | ပဲတီစိမ်း(ကြီး) (၃၃၀၀၀ - ၃၆၀၀၀) | ဈေးငြိမ် | |
| | | ပဲတီစိမ်း (သေး) (၃၇၀၀၀) | ဈေးငြိမ် | |
| မတ်ပဲ | ရန်ကုန် (တစ်တန်) | FAQ/RC (၁၃၅၀၀၀၀) | ၇၀၀၀၀ နီးပါးဈေးတက် | ရုရှားစစ်ပွဲကြောင့် ဈေးမြင့်တက်လာပြီး အိန္ဒိယကလည်း ဝယ်ယူမှုတွေမြင့်၊ ငွေလဲနှုန်းတွေမြင့်ပြီး လှောင်သူတွေလည်း များလာလို့ ဈေးမြင့်လာခြင်းဖြစ် |
| | မန္တလေး (ပိဿာ ၆၀ တစ်အိတ်) | ၁၃၀၀၀၀ | ၈၀၀၀ ဈေးတက် | |
| | ပခုက္ကူ (တစ်တင်း) | ၄၂၅၀၀ | ၂၅၀၀ ဈေးတက် | |
| | အောင်လံ(တစ်တင်း) | ၄၃၅၀၀ | ၂၅၀၀ ဈေးတက် | |
| | မုံရွာ (တစ်တင်း) | ၄၃၀၀၀ | ၂၅၀၀ ဈေးတက် | |
| ပဲစင်းငုံနီ | ရန်ကုန် (တစ်တန်) | ၁၃၈၅၀၀၀ | ၄၀၀၀၀ နီးပါးဈေးတက် | လက်ရှိငွေကြေးဈေးမြင့်တက်မှုတွေ၊ အိန္ဒိယဘက်က ဝယ်ယူမှုတွေ ဆက်တိုက် မြင့်တက်လာလို့ ဈေးတွေ တက်နေတာဖြစ်ပြီးထပ်တက်နိုင်ခြေရှိဦးမယ်လို့ သုံးသပ်ကြ |
| | မန္တလေး (ပိဿာ ၆၀ တစ်အိတ်) | ၁၂၉၀၀၀ | ၃၀၀၀ ဈေးတက် | |
| | ပခုက္ကူ (တစ်တင်း) | ၄၃၁၀၀ | ၇၀၀ ဈေးတက် | |
| | မုံရွာ (တစ်တင်း) | ၄၃၂၀၀ | ၇၀၀ ဈေးတက် | |
| | အောင်လံ(တစ်တင်း) | ၄၃၁၀၀ | ၆၀၀ ဈေးတက် | |
| ပဲကြီး | ရန်ကုန် (၁ ပိဿာ) | (ကုန်းရွှေကျွန်း) (၂၆၉၅ - ၃၁၅၅) | ၃၅၅ ကျပ် ဈေးတက် | ပြည်တွင်း ဝယ်ယူစားသုံးမှုများလို့ ဈေးတက်နေတယ်လို့ သိရပြီး အိန္ဒိယအကျဈေးနဲ့ ရှိနေဦးမယ်လို့ ကုန်သည်တွေက ခန့်မှန်းထားခဲ့ပေမယ့် မထင်မှတ်ဘဲ ဈေးတွေ ပြန်တက် |
| | မန္တလေး (ပိဿာ ၆၀ တစ်အိတ်) | ပဲကြီး(ကာလာသ) (၁၆၀၀၀၀ -၁၉၀၀၀၀) | ၃၅၀၀၀ ဈေးတက် | |
| | မုံရွာ (တစ်တင်း) | ၄၃၀၀၀ - ၅၇၀၀၀ | ၅၀၀၀ ဈေးတက် | |
| | အောင်လံ (တစ်တင်း) | ၅၈၀၀၀ - ၆၁၀၀၀ | ၈၀၀၀ ဈေးတက် | |
| ကြက်သွန်ဖြူ | ရန်ကုန် (၁ ပိဿာ) | ကြူကုတ် (၅၉၀၀ - ၆၀၀၀) | ၂၀၀ ဈေးတက် | ကြူကုတ်က ဝင်ရောက်မှု နည်းလို့ ဈေးတက်လာတာဖြစ်ပြီး ရှမ်းကြက်သွန်ဖြူကတော့ အဝယ်များပြီး အသစ်ဝင်နည်းလို့ ဈေးတက် |
| | | ရှမ်းကြက်သွန်ဖြူ (၂၁၀၀ - ၃၂၀၀) | ၃၀၀ ဈေးတက် | |
| | မော်လမြိုင် (၁ ပိဿာ) | ရှမ်းကြက်သွန်ဖြူ (၃၀၀၀ - ၃၃၀၀) | ၃၀၀ ဈေးတက် | |
| | | ကြူကုတ် (၄၀၀၀) | ၉၀၀ ဈေးတက် | |

https://greenwaymyanmar.com/posts/Weekly_Price_Flow_Prospect_Beans_Garlic

ယခုတစ်ပတ်အတွင်းမှာတော့ ရုရှားကျူးကျော်စစ်ဂယက်ကြောင့် တက်လာတဲ့ ပဲဈေးနှုန်းတွေဟာ ထပ်မံမြင့်တက်လာခဲ့ပြီး ကြက်သွန်ဖြူဈေးတွေလည်း အတော်လေးတက်လာခဲ့တာတွေ့ရပါတယ်။

**Source:** https://greenwaymyanmar.com/posts/Weekly_Price_Flow_Prospect_Beans_Garlic

## Uniqlo သည် ရုရှားနိုင်ငံရှိ ၎င်း၏ အဝတ်အထည်ဆိုင်များကို ဆက်လက်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ကြောင်းသိရ

ဂျပန်နိုင်ငံမှ အဝတ်အစားကုမ္ပဏီကြီးဖြစ်သည့် Uniqlo သည် ၎င်း၏ပြိုင်ဖက်များဖြစ်သည့် Zara နှင့် H&M တို့က ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ရုရှားနိုင်ငံရှိ ဆိုင်ခွဲများကို ပိတ်သိမ်းမည်ဖြစ်ကြောင်း ကြေငြာခဲ့ကြသော်လည်း Uniqlo ကမူ ၎င်း၏ ဆိုင်ခွဲများကို ဆက်လက်ဖွင့်လှစ်သွားမည်ဟု မတ်လ ၇ ရက် (တနင်္လာနေ့) တွင် ပြောကြားခဲ့ပါသည်။

Uniqlo ကုမ္ပဏီ၏ ဥက္ကဋ္ဌ Tadashi Yanai က ယခုဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် ရုရှားနိုင်ငံသားများ အနေဖြင့် အခြေခံလူ့လိုအပ်ချက်ဖြစ်သည့် အဝတ်အစားများကို ဆုံးရှုံးခြင်းမျိုးမဖြစ်သင့်ကြောင်း ပြောကြားခဲ့ပါသည်။

အဝတ်အစားဟူသည် လူသားတိုင်းအတွက် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်သည့်အတွက် ရုရှားနိုင်ငံသားများသည်လည်း တူညီသည့်အခွင့်အရေးကို ရရှိခံစားခွင့်ရှိပါသည်ဟု Yanai က ပြောကြားခဲ့ပါသည်။ ရုရှား နိုင်ငံတွင် Uniqlo အဝတ်အထည်ဆိုင်ပေါင်း ၄၉ ဆိုင်ရှိပြီး Uniqlo ကုမ္ပဏီအနေဖြင့် လတ်တလောအနေအထားကို စောင့်ကြည့်နေမည်ဖြစ်ကြောင်းနှင့် ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်းမည့်အစီအစဉ်မရှိကြောင်းသိရ ပါသည်။

Uniqlo ကုမ္ပဏီမှ အိမ်နီးချင်းနိုင်ငံများသို့ တိမ်းရှောင်ကြသည့် ယူကရိန်းလူမျိုးများအတွက် အမေရိကန်ဒေါ်လာ ၁၀ သန်းနှင့် အဝတ်အထည်ပေါင်း ၂၀၀, ၀၀၀ ကို ပံ့ပိုးလှူဒါန်းသွားမည်ဖြစ်ကြောင်း မတ်လ ၄ ရက်နေ့ (သောကြာနေ့) တွင် ပြောကြားခဲ့ပါသည်။

Zara အမှတ်တံဆိပ်ကိုပိုင်ဆိုင်သည့် စပိန်နိုင်ငံမှ အဝတ်အထည်ကုမ္ပဏီကြီး Inditex သည် ရုရှားနိုင်ငံရှိ ၎င်း၏ ရာနှင့်ချီသောဆိုင်ခွဲများနှင့် အွန်လိုင်းမှ ရောင်းချမှုများအား ယာယီပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ Inditex ကုမ္ပဏီအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စီးပွားရေး အခြေအနေများ ဆက်လက်တည်တံ့ခိုင်မြဲမှုအပေါ် အာမခံချက်ပေးနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့ပါသည်။ အလားတူ ဆွီဒင်နိုင်ငံမှ အဝတ်အထည်ကုမ္ပဏီ Hennes and Mauritz (H&M) ကလည်း ရုရှားနိုင်ငံရှိ ၎င်းတို့၏ လုပ်ငန်းများကို ဆိုင်းငံ့ထားမည်ဟုကြေငြာခဲ့ပါသည်။

**Source:** https://www.japantimes.co.jp/

**နန္ဒာဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်)**

## ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် အီးယူ၏ စားသောက်ကုန်နှင့်မွေးမြူရေးကဏ္ဍအပေါ် ထိခိုက်နိုင်ကြောင်း အီးယူရှိကျွမ်းကျင်သူများက သတိပေးထားခြင်း

ရုရှားနှင့်ယူကရိန်းနိုင်ငံတို့အကြား လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခကြောင့် အီးယူ၏ အသားနှင့်နို့ထွက်ပစ္စည်း လုပ်ငန်းကဏ္ဍတို့အတွက် လိုအပ်သည့် ကောက်နှံများကုန်သွယ်မှုကို အဟန့်အတားဖြစ်စေနိုင်သည်ဟု ဥရောပကော်မရှင်၏ ကျွမ်းကျင်သူများက မျှော်မှန်းထားကြကြောင်း၊ ယင်းပဋိပက္ခကြောင့် အီးယူ၏ လယ်သမားများနှင့် စားသောက်ကုန်ထုတ်လုပ်မှုစနစ်တို့အပေါ် ထိခိုက်နိုင်သည်ဟု ဥရောပပါလီမန်၌ အီးယူ၏ အကြီးတန်းအရာရှိတစ်ဦးက သတိပေးပြောကြားထားကြောင်း Politico ဝက်ဘ်ဆိုဒ်၌ “Ukraine war ‘will be painful’ for EU food and farming, Commission official warns” ခေါင်းစဉ်ဖြင့် သတင်းဖော်ပြထားပါသည်။

အီးယူသည် မွေးမြူရေးလုပ်ငန်းကဏ္ဍအပေါ် များစွာအထောက်အပံ့ပေးထားပြီး၊ ယင်းကဏ္ဍသည် အီးယူပို့ကုန်အတွက် အရေးပါကြောင်း၊ သို့သော် အီးယူ၏ အသားနှင့်နို့ထွက်ပစ္စည်းလုပ်ငန်းများအနေဖြင့် ယူကရိန်းနိုင်ငံထံမှ တိရစ္ဆာန်အစာသီးနှံများ တင်သွင်းမှုအပေါ် မှီခိုနေရခြင်းနှင့် ရုရှားနိုင်ငံထံမှ ဓါတ်ငွေ့နှင့်ဓါတ်မြေဩဇာများတင်သွင်းမှုကို အားထားနေရခြင်းတို့ကြောင့် အီးယူရှိ စားသောက်ကုန်နှင့်မွေးမြူရေးကဏ္ဍတို့၌ ထိခိုက်လာနိုင်ခြင်းဖြစ်ကြောင်းသိရပါသည်။

ရုရှားနှင့်ယူကရိန်း ပဋိပက္ခသည် အီးယူ၏ လယ်ယာထွက်စားသောက်ကုန်ကဏ္ဍအပေါ် များစွာသက်ရောက်နိုင်ပြီး၊ ထိခိုက်မှုရှိနိုင်သည်ဟု ဥရောပကော်မရှင် စိုက်ပျိုးရေးဌာန၏ အကြီးတန်းအရာရှိတစ်ဦးဖြစ်သူ Michael Scannell က ဥရောပပါလီမန်အမတ်များအားပြောကြားကြောင်း၊ ရုရှားနှင့်ယူကရိန်းနိုင်ငံတို့သည် ကမ္ဘာ့ဂျုံနှင့် မုယောကုန်သွယ်မှု၏ (၃၀) ရာခိုင်နှုန်းကျော်၊ ပြောင်းကုန်သွယ်မှု၏ (၁၇) ရာခိုင်နှုန်းခန့်၊ နေကြာဆီ၊ အစေ့များနှင့် တိရစ္ဆာန်အစာဖတ်များ ကုန်သွယ်မှုတွင် (၅၀) ရာခိုင်နှုန်းကျော်တို့ကို ကိုယ်စားပြုထားကြောင်း၊ သို့ရာတွင် ရုရှားနှင့်ပဋိပက္ခကြောင့် ယူကရိန်းနိုင်ငံ၏ အဓိကကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် ပင်လယ်နက်ဆိပ်ကမ်းများမှ တစ်ဆင့်ကုန်သွယ်မှုသည် ရပ်တန့်နေကြောင်း Scannell က ပြောကြား

သည်ဟု ဖော်ပြထားပါသည်။

ကုန်သွယ်မှုသည် အလုံးစုံရပ်တန့်နေပြီဖြစ်ပြီး၊ အဆိုပါ ပင်လယ်နက်ဒေသဆိပ်ကမ်းများမှ သင်္ဘောအဝင်/အထွက်များ မရှိကြောင်း၊ ထို့ပြင် ပဋိပက္ခဆက်လက်ဖြစ်ပွားနေသဖြင့် ယင်းအခြေ အနေသည် ပြောင်းလဲမည်မဟုတ်ဟု မျှော်မှန်းထားကြောင်း Scannell က ပြောကြားပါသည်။ ယူကရိန်းလယ်သမားများအနေဖြင့် ပြောင်းကဲ့သို့သော ကောက်ပဲသီးနှံများကို နွေရာသီတွင် စိုက်ပျိုးနိုင်ခြင်းမရှိခဲ့လျှင် ကာလလတ်တွင် အကျပ်အတည်းဖြစ်စေနိုင်ကြောင်း အီးယူ၏အရာရှိများက သတိပေးပြောကြားထားပါသည်။

အီးယူ၏ စားသောက်ကုန်ထုတ်လုပ်မှုသည် ပြည်ပမှဓါတ်မြေဩဇာ၊ သဘာဝဓါတ်ငွေ့နှင့် တိရစ္ဆာန်အစာများ တင်သွင်းမှုအပေါ် များစွာမှီခိုနေရသဖြင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကို အားကောင်းစေရန် လိုအပ်လျက်ရှိသည်ကို ဥရောပပါလီမန်အမတ်များက ထောက်ပြပြောဆိုကြကြောင်း၊ ဥရောပကော်မရှင်အနေဖြင့် အဆိုပါနယ်ပယ်များအားလုံး၌ အားနည်းချက်များကို ဖြေရှင်းနိုင်ရေးဦးတည်ဆောင်ရွက်နေကြောင်း Scannell က ပါလီမန်အမတ်များအား ပြောကြားကြောင်း ဖော်ပြထားပါသည်။

၂၀၁၄ ခုနှစ်တွင် ခရိုင်းမီးယားအရေးကိစ္စကြောင့် အီးယူက ရုရှားအပေါ် စီးပွားရေးပိတ်ဆို့ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံက အီးယူစားသောက်ကုန်များစွာအပေါ် ကုန်သွယ်ရေးပိတ်ဆို့ ထားပြီးနောက်ပိုင်းတွင် အီးယူနှင့်ရုရှားတို့အကြား လယ်ယာထွက်စားသောက်ကုန်များ ကုန်သွယ်မှုသည် များစွာကျဆင်းခဲ့ပြီးဖြစ်ကြောင်း၊ ကုန်သွယ်ရေးပိတ်ဆို့မှုရှိနေစေကာမူ အီးယူ၏ လယ်ယာထွက်စားသောက်ကုန်များ ဝယ်ယူမှုတန်ဖိုးအရကြည့်လျှင် ရုရှားနိုင်ငံသည် အီးယူ၏တတိယအကြီးဆုံး ကုန်သွယ်ဖက်အဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း ဖော်ပြထားပါသည်။


သို့သော် ရုရှားနိုင်ငံအပေါ် အီးယူက စီးပွားရေးပိတ်ဆို့မှုအသစ်များ ချမှတ်ခဲ့ခြင်းကြောင့် အီးယူ၏ ဝိုင်၊ အရက်၊ ချောကလက်စသည့်ကုန်စည်များ ရုရှားသို့တင်ပို့မှုအပေါ် သက်ရောက်နိုင်ဖွယ်ရှိကြောင်း၊ မည်သို့ပင်ဖြစ်စေ ပြည်တွင်းစားသောက်ကုန်ဖူလုံမှုအပေါ် စိုးရိမ်မှုများနှင့်ပတ်သက်၍ အီးယူ၏ လယ်ယာထွက်စားသောက်ကုန်စနစ်သည် ကောင်းစွာကြံ့ကြံ့ခံနိုင်ပြီး အားကောင်းမှုရှိသည်ကို ကပ်ရောဂါကာလအတွင်း သက်သေပြသခဲ့ပြီးဖြစ်သည်ဟု အီးယူ၏ ထိပ်တန်းအရာရှိများက ပြောကြားကြောင်း သိရပါသည်။

Source:https://www.politico.eu/article/eu-commission-warns-of-major-food-and-farming-impact-of-russia-ukraine-war/

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## တရုတ်နိုင်ငံ ပြည်တွင်းဓာတ်မြေဩဇာဈေးကွက် အခြေအနေ

SunSirs မှ ရရှိသည့်စာရင်းများအရ တရုတ်ပြည်တွင်း ပိုတက်ဆီယမ်ဆာလ်ဖိတ်ဈေးကွက်မှာ ဖေဖော်ဝါရီလလယ်တွင် ဆက်လက်မြင့်တက်နေပြီး၊ လက်ငင်းအရောင်း အဝယ်ဈေးနှုန်းမှာလည်း အတိုင်းအတာတစ်ခုအထိ မြင့်တက်နေပါသည်။ ဖေဖော်ဝါရီ (၁၇) ရက်နေ့တွင် ပြည်တွင်းပိုတက်ဆီယမ်ဆာလ်ဖိတ် ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၄,၃၃၃.၃၃)ဖြစ်ပြီး၊ ဖေဖော်ဝါရီလဆန်းကထက် (၄.၈၄) ရာခိုင်နှုန်း မြင့်တက်လာပါသည်။



လက်ရှိအချိန်တွင် ပြည်တွင်းပိုတက်ရှ်ဓာတ်မြေဩဇာဈေးကွက်မှာ အရှိန်မြင့်နေပါသည်။ ပြည်တွင်း ပိုတက်ရှ်ဓာတ်မြေဩဇာရောင်းချသူများ များပြားလာပြီး၊ ဆားကန် (salt lake)နှင့် Zangge potassium chloride တို့၏ ဈေးနှုန်းများမှာ တည်ငြိမ်နေကာ၊ ပမာဏမှာ လည်းတဖြည်းဖြည်းတိုးမြင့်လာပါသည်။ သို့သော်ငြားလည်း ဈေးကွက်ရောင်းလိုအားတွင် အကန့်အသတ်ရှိနေဆဲဖြစ်ကာ၊ ရောင်းလိုအား အတန်အသင့် ကြပ်နေဆဲဖြစ်ပါသည်။

Potassium chloride မှာမူ Mannheim လုပ်ငန်းများအတွက် ပံ့ပိုးမှုအချို့ရရှိထားရာ ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် အပြုသဘောသက်ရောက်မှုရှိပါသည်။ လက်ရှိအချိန် တွင် ပြည်တွင်းလုပ်ငန်းများ၏ထုတ်လုပ်မှုမှာ အထိုက်အလျောက်နည်းပါးနေပြီး၊ စုစုပေါင်းလည်ပတ်နေသည့်နှုန်းမှာ (၅၀) ရာခိုင်နှုန်းအောက်တွင်သာရှိနေရာ ဈေးအမြင့်ပိုင်းတွင် အတက်အကျရှိနေပါသည်။ potassium sulfate ကို လက်ငင်းရောင်းချမှုမှာလည်း ရောင်းလိုအားဆက်လက် တင်းကြပ်နေဆဲဖြစ်ပြီး၊ ဝယ်လိုအားဘက်မှလည်း ဆောင်းရာသီလိုအပ်ချက်ကြောင့် ဝယ်လိုအား ပြန်လည်မြင့်တက်လာသည့်အနေအထားဖြစ်သောကြောင့် ဖေဖော်ဝါရီလလယ်ပိုင်းတွင် ဈေးကွက်မြင့်မားနေပါသည်။

ဆောင်းရာသီအစပိုင်းတွင် သိုလှောင်ထားသည့်ဓာတ်မြေဩဇာများကို ကုန်သည်များက အသုံးပြုပြီးနောက် ပြည်တွင်း ပိုတက်ရှ်ဓာတ်မြေဩဇာစာချုပ်အချို့ကို မကြာသေးမီကချုပ်ဆို၍ ဆောင်ရွက်နေပြီး၊ ဈေးကွက်အခြေအနေအပေါ် အကောင်းဘက်မှ ရှုမြင်လျက်ရှိကြကာ၊ ရေတိုကာလတွင် ဈေးနှုန်းဆက်လက်မြင့်တက်နေနိုင်ပါသည်။

Source: SunSirs (၁၈-၂-၂၀၂၂)

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

## STOCK EXCHANGE (7.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 100 | 820,000 | 33,109,694 | 271,499 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 1,834 | 5,303,100 | 38,929,150 | 110,948 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 60 | 1,140,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 1 | 2,650 | 12,823,224 | 33,982 |
| EFR | 00006 | 2,800 | -100 | -3.45% | 2,800 | 2,800 | 2,800 | 5 | 14,000 | 19,977,223 | 55,936 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |


## Market summary

As of 7th Mar. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.34 | -2.64 | -0.70% | 377.98 | 377.98 | 375.34 | 2,000 | 7,279,750 | 7 | 652,950 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 7th Mar. 2022

| MYANPIX | 375.34 ▼ 2.64 |
|---|---|
| Total Volume (shares) | 2,000 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 652,950 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,650 | ▼ 50 |
| EFR | 00006 | 2,800 | ▼ 100 |
| AMATA | 00007 | 5,000 | ▲ 0 |